

အမှတ်(၂)

# သတင်း

**သတင်းဆုံ · အထူးစာစောင်များစုစည်းမှု...**



၂၈.၈.၈၈. နေ့က ရန်ကုန်တက္ကသိုလ်ဝင်းမှာ
သမဂ္ဂအဆောက်အဦးဟောင်းနေရာတွင်..
ကျောင်းသားများ သမဂ္ဂဖွဲ့စည်းကြေငြာ
ကျောင်းသူ ကျောင်းသားများ စည်းကမ်းရှိရှိ
ပြန်လည်စီတန်းလာကြသည်မှာ.....



◀ ပါတီစုံဒီမိုကရေစီစနစ်ရရှိရေးအတွက်. ▲
ရင်ကိုဖြေကာ ဝံ့ဝံ့လှုပ်ရှား ရဲဝံ့ကြပြီး
တိုက်ပွဲဝင်ခဲ့ကြသော ကျောင်းသားကျောင်းသူ
များ ကိုတွေ့ရစဉ်....



၂၆.၈.၈၈. နေ့က ရွှေ
ဒဂုံစေတီ...
ဒီမိုကရေစီရရှိရေး
လူထုအစည်းအဝေး
ပွဲကြီးတွင်...
သူရဲကောင်း ဦး(ဗိုလ်ချုပ်
ကြီးအောင်ဆန်း)က
အားပါးတရ ဟော
ပြောခဲ့မှုမှ..
ဒီမိုကရေစီလိုလား
သူများ ကကျေနပ်
လာသူ အမြင်တွေ
ထင်ရှားလာသည်..▶

## အင်းစိန်ထောင်မှသတင်းထူး ။

ရန်ကုန် အင်း စိန် ထောင် တွင်း သတင်းမှန် ရရှိရေး အတွက် အင်း စိန် ထောင် မှ (၂၈-၈-၈၈)နေ့ လွှတ်လိုက်သည့်အကျဉ်းသား တစ်ဦးနှင့် တွေ့ဆုံ မေးမြန်းသတင်းရရှိချက်မှာ-

(ဖြေကြားသူမှာ အင်းစိန်ထောင်ရုံး တာဝန်ကျ ဖြစ်ပါသည်။)

ရန်ကုန်သတင်းစာ အသီးသီးတွင် ထောင်တွင်းပစ်ခတ်မှုဖြစ်သည့် သဘင်း ဖော်ပြချက်မှာ မှန်ပါသည်။ သို့ရာတွင် လုံးဝပြည့်စုံခြင်း မရှိပါ။ ထိုအချက်ကိုလည်း နားလည်သဘောပေါက် လက်ခံသည်။ သတင်းစာဖော်ပြချက်တွင်ပါ၊ သည့် အကျဉ်းထောင် လက်စွဲ ဥပဒေဖော်ပြချက်မှာ မှန်ကန်သည်။ သို့ရာတွင်၊ ၎င်းဥပဒေသည် အင်္ဂလိပ် လက်ထက်က ပြဋ္ဌာန်းထားသည့် အမွေဆိုးကြီးဖြစ်သည်။

အင်းစိန် ထောင် ဆူပူမှု စတင် ဖြစ် ပွား ပုံမှာ လူထုအစည်းအဝေးကြီးရှိကြောင်း အသံချဲ့စက်ဖြင့် လှည့်လည်ကြေငြာသည်ကို ထောင်တွင်းက ကြားရသည်၊ ထောင် အတွင်းရှိလူအားလုံး ထိုမိန့်ခွန်းကို နားထောင် လိုသော ဆန္ဒများဖြစ်ပေါ်လာကြသည်။ ထိုသို့လှုပ်လှုပ်ရှားရှားဖြစ်နေသည်ကို ဝန်ထမ်း တစ်ဦးက မင်းတို့ လှုပ်ရှားကြဟေ့ဟု ပြောသည်၊ အဆောင်(၁)က စဆူကြသည်။ အဆောင်(၁) တံခါး ပွင့်သွားသည်နှင့် ဘပြင်နက် ဝန်ထမ်းများကသေနတ်များဖြင့် စဟင်ပစ်ခတ်သည်။ သေနတ်နှင့် ပစ်ခတ်သဖြင့် အဆောင်( ၁ )မှ အကျဉ်းသားများ ငြိမ်နေလိုက်ကြသည်။

တိုက်(၆)နှင့် ( ၃ )ဆူပူမှု စတင်ပြီး တိုက်ကို ဖွင့်လိုက်ကြသည်။ ထို့နောက် အားလုံးစုရုန်း၍ အဆောင်များမီးစတင်ရှို့သည်။ ထိုအချိန်မှာ နံနက်( ၉ )နာရီလောက်ဟုသိရသည်။ ထို့နောက် သေနတ်များ ပစ်နေကြသည့်ကြားက ဆူပူမှု ဆက်လက်လုပ်ကြသည်။

တစ်နေ့လုံး တစ်ညလုံး အဆောင်များမီးစတင်ရှို့ကြသည် သတင်း ပေးသူ၏ ရှေ့မှာပင် သေနတ်ထိမှန်သေဆုံးသူ ရှိကြောင်း၊ ဒဏ်ရာရရှိသူ အတိအကျ မသိနိုင်ဟု သိရသည်။ ၎င်း နောက် အကျဉ်းသား အချင်းချင်းရန်ညှိုးကြောင့်၊ ထောင်တွင်းလက်စွဲလက်နှက်ဖြစ်သည့် သံချွန်များဖြင့် ထိုး၍ လူ-၂၀- ဒဏ်ရာရပြီး ပွဲချင်းပြီး (၄) ယောက် သေဆုံးသည်ဟုသိရသည်၊ ထိုသို့ မဖြစ်ပွားမီနှင့် ဖြစ်ပွားနေစဉ် ထောင်တွင်း အကျဉ်းသားပညာရှင်များ၏ တီထွင်မှုအရ သတင်းစုံကို ရေဒီယိုဆင်၍ နားထောင်နေကြပြီဖြစ်သည်။ တယ်လီဖုန်းလိုင်းကိုဖောက်၍ ပြင်ပကို ဖုန်းဖြင့် ဆက်သွယ်နေပြီဖြစ်သည်။

၂၇-၈-၈၈ နေ့မှစ၍ အမျိုးသမီး အကျဉ်းသားများ စတင် လွှတ်ပေးသည်၊ ၅၀- တသုတ်စီ သံဃာတော်များ ကျောင်းသားများကို စနစ်တကျဖြစ်ရန် ဆောင် ရွက် ပေးသည်။

၂၈-၈-၈၈ နေ့ တွင် အကျဉ်းသားများ ဆက်လက် လွှတ်ပေးရာ၊ ခြေကျဉ်းဖြုတ်ရန် မနိုင်မနင်းဖြစ်၍လွှတ်လာသူ အကျဉ်းသား အချို့ မြို့လယ်ခေါင်တွင် သံဖြတ်လွှဖြင့် ရပ်ကွက် လူထုက ကူညီဖြုတ်ပေးသည်ကို မျက်မြင်တွေ့ရသည်။

ထောင်တွင်း ကြိုးမိန့်ကျထားသူ ဦးရေ ၆၂ ယောက်ရှိ အကျဉ်းသားများမှာ ကျည်ကွက် သာ ဖြစ် သည် မယုံကြည်ဟုဆိုကာ ထောင်တွင်း ကျန်ရစ်နေသည်။ FRC များ ဖကဘအကျဉ်းသားများလည်း ယခု သတင်း ရရှိသည် အထိ ကျန်နေရစ်သည်ဟုသိရသည်။

ယခုအခါ ထောင်တွင်း ပစ်ခတ်မှုကြောင့် ဒဏ်ရာရနေသည့် အကျဉ်းသားများ အတွက် သွေးနှင့်ဆေးများ အရေးတကြီး လိုအပ်နေသည်ဟုသိရသည်။ ထိုအခက်အခဲကို အင်းစိန်မြို့နယ် ကျောင်းသားလူငယ်များ သွေးနှင့်ဆေးကို မေတ္တာရပ် အလှူခံလျက်ရှိကြောင်း သိရသည်။

ယခုနောက်ဆုံး ရရှိသည့် သဘင်းအရ အင်းစိန်ထောင်တွင်းကို အကျဉ်းသားများ အုပ်ချုပ်နေသည်ဟု သိရပြီး၊ အင်းစိန်ထောင်ဝန်ထမ်းများ ထိခိုက်မှု မှာလည်း၊ ၎င်းတို့ သေနတ်နှင့် ၎င်းတို့ကို ပစ်ခတ်မိခြင်းဖြစ်သည်ဟုသတင်း ရရှိပါသည်။




## မြန်မာနိုင်ငံအခြေအနေ အပေါ် ဂျပန်အစိုးရ၏ သဘောထား ဂျပန် ဒုဝန်ကြီးတင်ပြ...

မြန်မာနိုင်ငံတွင် များမကြာသေးမီကစ၍ ဖြစ်ပွားခဲ့သောအခြေအနေများမှာဆိုးဝါးသည်ဟုယူဆသည့်အားလျော်စွာ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ ဟီရိုးရှိ အိုတာကာသည် ၁၉၈၈-ခုနှစ်၊ ဩဂုတ်လ (၁၄)ရက်နေ့တွင် နိုင်ငံခြားရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစောလှိုင်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်သော ဦးမကျော်မြင့်နှင့် ဦးညွန့်မောင်တို့အား သွားရောက်တွေ့ဆုံ၍ မြန်မာနိုင်ငံရှိ အခြေအနေနှင့် ပတ်သက်သော ဂျပန်နိုင်ငံအစိုးရ၏ သဘောထားခံယူချက်ကို တင်ပြခဲ့သည်။ ထိုနည်းတူစွာ ၁၉၈၈-ခု၊ ဩဂုတ်လ (၁၆)ရက်တွင် သံအမတ်ကြီးသည် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးဦးရဲခေါင်အား သွားရောက်တွေ့ဆုံကာ အလားတူ အတိုင်းပင် တင်ပြခဲ့သည်။

ဂျပန်နိုင်ငံ၏ ယင်းသို့ဆောင်ရွက်ချက်ကို ၁၉၈၈ ခု၊ ဩဂုတ်လ(၁၇)ရက်တွင် ဂျပန်နိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး မစ္စတာ မီယိုမူရာတာကလည်း ဂျပန်နိုင်ငံ တိုကျိုမြို့ဝယ် ဂျပန်စာနယ်ဇင်းများသို့ ရှင်းလင်းတင်ပြခဲ့သည်။

ဂျပန်နိုင်ငံ အစိုးရ၏ သဘောထား ခံယူချက်မှာ အောက်ပါ အတိုင်းဖြစ်သည်။

၁။ ဂျပန်နိုင်ငံအစိုးရသည် မြန်မာနိုင်ငံရှိ စီးပွားရေး အခက်အခဲများနှင့်ပတ်သက်၍ များစွာ စိုးရိမ်ကြောင့်ကြသည်။ စီးပွားရေးအခြေအနေပိုမို၍ ဆိုးဝါးလာမှုကြောင့် မြန်မာပြည်သူတို့၏ စားဝတ်နေရေးကျပ်တည်းလာသည်ကို အကြောင်းပြု၍ ယခုကဲ့သို့သော နိုင်ငံရေးမငြိမ်မသက်မှုများ ဖြစ်ပွားခဲ့ရခြင်းဖြစ်သည်။

၂။ ဂျပန်နိုင်ငံအစိုးရအနေဖြင့် ကြာမီက မြန်မာနိုင်ငံအစိုးရက ကြေငြာခဲ့သော စီးပွားရေး ပြုပြင်ပြောင်းလဲမှုကို ကြိုဆို၍ မြန်မာ အစိုးရသည် ပြုပြင်ပြောင်းလဲမှုကို အမြန်ဆုံး အကောင် အထည်ဖော်လိမ့်မည်ဟု ယုံကြည်မျှော်လင့်သည်။ မြန်မာနိုင်ငံ အစိုးရအနေဖြင့် ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်ရန်အတွက်လိုအပ်သော ပူးပေါင်းဆောင်ရွက်မှုကို တောင်းခံလာလျှင် ဂျပန်နိုင်ငံ အစိုးရကမူ ပူးပေါင်း ဆောင်ရွက်ရေးအတွက် ဖြစ်မြောက်နိုင်ဖွယ်ရှိသည်များကို တက်ကြွစွာ အရေးယူ စဉ်းစား လုပ်ဆောင်ရန် အသင့်ရှိသည်။

၃။ သို့သော် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော် လုပ်ဆောင်ရာတွင် မြန်မာနိုင်ငံအစိုးရနှင့် မြန်မာပြည်သူတို့ လက်ပွန်းတတီး ပူးပေါင်းဆောင်ရွက်မှုမှာ မရှိမဖြစ် လိုအပ်မှုဖြစ်သည်။ သို့ဖြစ်ခြင်းကြောင့် မြန်မာအစိုးရ အနေဖြင့် အခြေအနေကို စိတ်ရှည်လက်ရှည်သည်းခံစိတ်ဖြင့် ကိုင်တွယ်ဖြေရှင်းလိမ့်မည်ဟု ဂျပန်အစိုးရက ယုံကြည်မျှော်လင့်သည်။


* * * *








ရုပ်ရှင်ကား ။ နိုင်ငံတော် [illegible] ▲
[illegible] ဒီမိုကရေစီ
[illegible] ဖြစ်ပါသည်။





၂၃.၈.၈၈ [illegible] ဒီမိုကရေစီ
[illegible]
[illegible] ... ▼



[illegible]

